

ကာတွန်း
ဆွေမင်းဓနုဖြူ
ဖြိုးရာဇာ
ကျွန်ုပ်နှင့်
ကျားသစ်နက်ရှာပုံတော်

## ၁။ ဝါလကင်းလွတ် သီတင်းကျွတ်သော်






ယောနီသောမနုသိကာယခေါ်အသင့်
အတင့်နှလုံးသွင်းခြင်းဖြင့်လည်းကိုက်
ညီသည်။ တင်းတိမ်ရောင့်ရဲလွယ်ခြင်း
တည်းဟူသောမင်္ဂလာတရားနှင့်လည်း
ကိုက်ညီသည်ဟုခေါ်ဆိုနိုင်ချေသည်
တမုံ့။
အခါကာလကား.. ပူပြင်းတောက်လောင်
သည့်မိုးအကုန်ဆောင်းအကူး.. နွေလယ်
ခင်းဖြစ်၏။ကျွန်ုပ်တို့အရပ်ဒေသတွင်မြို့
အရပ်တွင်အသုံးပြုကြသောဓာ်ယားကွန်း
ခေါ်လေအေးပေးစက်လည်းမရှိ။
ယပ်တောင်တွေ
ထန်းပူးယပ်တောင်
တွေ..
ယုတ်စွအဆုံးလျှပ်စစ်ဓာတ်အား
ဖြင့်လည်ပတ်ရသောပန်ကာ.. ပင်
မရှိ။ ယပ်တောင်ကိုအသုံးပြု
မှုလည်းအလေ့အထနည်းလှသည်။
ဝယ်ရောရော
ကျပ်ပြည့်
အောင်ရှိလို့လား
သစ်ပင်ရိပ်ကောင်းကောင်းတွင်တ
သုန်သုန်၊ တညင်းညင်း တိုက်ခတ်နေ
သည့်သဘာဝလေအေးအေးကား ငွေ
ပေး၍ မရနိုင်သော ဘုရားတစ်ခုဟု ဆိုပါ
ကမှားနိုင်လိမ့်မည်မထင်။
ဝယ်မယ့်လူ
မရှိပါလား.. ငါ့
ယပ်တောင်တွေ


ကျွန်ုပ်၏မဟေသီ... မသေးမျှင်၏ အသံကား.. စိတ်ကူးအလျှဉ်ကို ဖြတ်တောက်ပစ်လိုက်သည်။
ကျွန်ုပ်အဝို့မှာရှားရှားပါးပါးရထားသောမိန်းမ.. တန်ဖိုးထားရပေမည်။ ထိုမိန်းမကားပါးစပ်ပေါက်က ဆိုးပေမယ့်.. နှလုံးလှသူတည်း။
ဘာများတုန်း မျှင်.. မျှင်..
နှစ်ခုလုံး ထိခိုက်လို့ကတော့ အမဲခုတ်တဲ့ဓား ရောက်လာမှာ ဟွန်း..
အံမယ်.. ဘာ.. မျှင်.. မျှင် လုပ်နေတာလဲ.. မကြီးမငယ်နဲ့..


မျှင်.. မျှင် ခေါ်တာပဲကွာအသားပဲ့ သွားတာ.. ကျနေတာပဲ..
အသားမပဲ့ပေမယ့် နားရွက်တယ်ရှင့်...
မျှင်ငပိခါးချင်တဲ့ အကြောင်းတွေးနေရင်း မင်း.. ခေါ်သံကြားလိုက်ရ လို့.. ယောင်ထွက်သွားတာ ပါကွာ.. ကဲ.. ပြော.. ငါ ဘာလုပ်ပေးရမလဲ..
အခု.. အချိန်က.. ဝါလကင်းလွတ်လို့ သီတင်းကျွတ်ပြီရှင့်..
မင်းမောင်.. မိုက်ကလေးကိုနေရာချပေး ချင်လို့လား.. ဒီကောင်နဲ့ခေါကြီးဆို ရွာကအပျိုတွေက.. မူးယစ်ဆေးလို အေအိုင်ဒီအက်စ်.. ရောဂါသည်လို ရှောင်နေကြတာ.. နွားမအခြိုးဖြတ် ပေးထားမှပဲ.. ရမယ်..


နားခွန်နားဖျားကြားလိုက်ဟန်တူ၏။ အိမ်ထဲကစိုက်ကလေးထွက်လာကာ။
ဘာလဲ နွားမြီးဟင်းချို ချက်သောက် မလို့လား
ကောင်းတယ် ဆရာတွတ် ယောက်ျားသောက်ရင်ဆီးရွှင်တယ် ဆိုလား.. ခလေဆီးသီးရောင်းတဲ့ ကိုပုည ပြောတာဆို..
စိုက်ကလေး၏နားခွန်နား ဖျားနှင့်ဝင်ရောသည့်စကား ကြောင့်ကျွန်ုပ်တို့ဇနီးမောင် နှံရယ်မောရတော့သည်။
ကျွန်ုပ်တပည့်လုပ်ပြီး ညံ့ပါကွာ...
ဆရာတွတ်တပည့်ပါ ဆိုမှ... ဒီလိုပဲရှိမှာ ပေါ့.. ဟွန်း...
ကုန်းဘောင်ခေတ်ခါဆိုတော်ကြီး ခလေဦးပုညပြောတာ.. တပည့်ကြီးရာ ဘူးရဲ့.. နွားတစ်ကောင်လုံးအသုံးချနည်း ဆိုတဲ့.. ခါထဲကပါကွ..
၅


ဟုတ်တယ်လေ.. အဲ့ဒီထဲမှာပါတယ် မဟုတ်လား.. နွားမြီးဟင်းချိုဟာ ယောကျ်ား.. ဆီးရွှင်တယ် မဟုတ်လား...
လွဲလိုက်တာ.. နို့မထွက်တဲ့ကလေး မိခင်တွေသောက်ဖို့ရေးထားတာ သောက်ရင်နို့ရွှင်တယ်တဲ့.. ဘယ်လောက်ရွှင်သလဲဆိုရင် သူ့ဒခပေ.. ပေ..
မသေးမျှင်ကအော်လိုက်သဖြင့် ရှေ့ဆက်ရမည့်စကားကိုအလျင် အမြန်ဘရိတ်အုပ်လိုက်ရ သည်။
ဘရိတ်နဲ့လီဗာ မှားနင်းမိလို့ ကတော့.. ဟီ.. ဟီ
ဗိုက်ကလေးကို မိန်းမပေးစားဖို့လည်းမဟုတ်ဘူး နွားမြီးချက်စားဖို့လည်းမဟုတ်ဘူး သီတင်းကျွတ်ရင်.. မိုးလွှတ်ပြီ ဒီတော့.. ရှင်တို့လည်းအလုပ်လုပ်ဖို့ သတိပေးမလို့..
၆


ဟုတ်ပေသားပဲ.. ကျွန်ုပ်တို့မုဆိုးအလုပ်ကား.. တခြားလယ်ယာလုပ်ငန်းခွင်သဘာဝနှင့်ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသေးသည်။
မိုးရွာရင် တို့တတွေနားတယ် မျှင်မျှင်ဆူမှာဂရု မစိုက်တယ်
အပျိုတွေကို ကွယ်တအားကြီး ပိုးတော့မယ်..
လယ်ယာလုပ်သားများကားမိုးတွင်းကာလတွင်လယ်ထဲယာထဲ၌နွားနှင့်အပြိုင်ရုန်းကာကုန်းကာအလုပ်လုပ်ခဲ့ရသလောက်မိုးပါးလျှင်.. အလုပ်လည်းပါးကာ မိုးနားလျှင်အလုပ်လည်းနားကြရတော့သည်။
ကျွန်ုပ်အဖို့မှာကား လေကြီးမိုးကြီးကျနေသောအခိုက်.. အန္တရာယ်များလှသည့်တောတောင်အတွင်း ဝင်ရောက်ရသည့်အလုပ်မျိုးကိုတတ်နိုင်သလောက်ရှောင်ရှားကာမိုးကုန်မှသာအလုပ်ခွင်သို့တစ်ပန်ပြန်လည်ဝင်ရောက်ကြရသည်မဟုတ်ပါလား။
အလုပ်ကနားထားတာ ကြာတော့လည်း.. သွားရမှာအပျင်းသား..
ဟုတ်ပ...
မင်းအစ်မ ပါးခပ်ကို.. ကြောက်လို့သာ လာခဲ့ရတယ်...


ဟိသစ္စ၊ ထိုစကားသည် မှန်၏။ တစ်နည်းအားဖြင့်ဖနီးသည်၏စကား သည်မှန်၏။ ထို့ကြောင့် ကျွန်ုပ်လည်း လက်ခွဲတော်နှစ်လုံးပြူးကိုပြန်လည် ကိုင်ခွဲ၊ နောက်တော်ပါ.. တပည့်ကျော် နှင့် ရိုးမကိုခြေပြန်ချရပြန်သည်။
မြိုင်ရာဇာ ထွက်ပီ.. လာ ပြီဟေ့..
တပည့်ကျော် ဗိုက်ကလေးလည်း ပါတယ်...
တောအလုံးကား.. ခိမ်းခိမ်းခိုခိုနှင့် သာယာလှပလေ၏။ သစ်ပင်ပေါ် တွင်.. ခေါင်းတွေတွန်ကျူးနေ ကြသည်။
ဆက်လျှောက်လာသောအခါနွယ်ကြိုး တွေနှင့်ဖန်းလွဲဆော့နေကြသော မျောက်တစ်အုပ်ကိုတွေ့ရသည်။
ရစ်ငှက်တွေက.. ကျွန်ုပ်တို့ရှေ့မှ ဖြတ်ပြေးသည်။ ယုန်တစ်အုပ်ကား ကျွန်ုပ်တို့ကို.. ဝင်တိုးသွားလေ သည်။


ဆရာတွတ်.. ဒီအတိုင်း ကြည့်နေတော့မှာလား
အေးလေ.. တောတောင်ရဲ့သဘာဝကတော့ တကယ်လှနေသောအမှန်ပဲ.. ဒါပေမယ့် ဒီအတိုင်းကြည့်မနေရအောင်.. ကျွန်ုပ်က ကဗျာစာဆိုမှ.. မဟုတ်တာ.. ဘယ်လို လုပ်မလဲ.. တပည့်ကြီး
ဟာ.. ဘာတွေလာပြော နေတာလဲ..
ကျွန်တော်တို့.. တောထဲဝင်လာကတည်းက ဆရာတွတ်ကိုသတိထားမိတယ်.. အမဲပစ်ဖို့ တောထဲလာတာနဲ့မတူဘဲ... ပန်းခြံထဲ.. လမ်း လျှောက်နေသလိုပဲ.. သားကောင်တွေ.. ဒီလောက်တွေ့တာ.. တစ်ကောင်မှ မပစ်ဘူး..
အော်.. ဒါကြောင့် ဒီအတိုင်းကြည့်နေ တော့မှာလားလို့ တပည့်ကြီးက မေးတာကိုး
သဘောပေါက် သွားပြီ..
၉


ဗိုက်ကလေးစကားသည်မှန်နေ၏။ ကျွန်ုပ်သည် တောတောင်အလှတွင်နစ်မျောနေသည့် အတွက်ကိုယ့်တာဝန်ကိုပင်မေ့နေ သည်။
ဘာ.. မေ့နေတယ် ဟုတ်လား..
သို့သော်.. ကျွန်ုပ်ဝန်ခံလိုက်ပါက.. ဆရာတစ်ယောက်၏သိက္ခာ ကျပေလိမ့်မည်။
ဒါက.. ဒီလိုရှိတယ် တပည့်ကြီး
ဆရာ လုပ်တော့ မယ်..
ကျွန်ုပ်တို့အမဲပစ်မထွက်တာ ကြာပြီ.. ဒီလိုပထမဆုံးထွက်လာတဲ့ အချိန်မှာ.. ဒေါင်းကလေး၊ မျောက်ကလေး လောက်ပစ်သွားရင်.. မင်းအစ်မသဘော ကျပါ့မလား
သားကောင်ကြီးတွေ တောပြောင်းကုန်ကြပြီလား
ဒါဆိုရင်တော့သဘောပေါက် ပါပြီလေ.. သားကောင်ကြီးတွေ ရဖို့.. ဒီထက်တောနက်နက်ထဲ ဝင်ရမှာပေါ့.. ဒါဆိုရင်တော့ နွားရင်း.. မနက်စာ.. စားကြရအောင်...
ဒင်းကတော့အနားနဲ့.. အစားပဲ.. ဟွန်း
၁၀

ကျွန်ုပ်နှင့်ဗိုက်ကလေးသည် တောထဲရှိခမ်းချောင်းကလေးတစ်ခုအား
တွင်နားကာ မသေးမျှင်ထည့်ပေးလိုက်သောထမင်းထုပ်ကိုဖြည်ကာစားကြ၏။




ကျွန်ုပ်တို့အနီးဆုံး
သစ်ပင်တစ်ပင်ဆီ
ပြေးကပ်နေရာယူ
လိုက်သည်။
သားကောင်ကြီး
တစ်ကောင်.. ရေ
သောက်ဆင်း
လာဟန်တူ၏။
တောတိုးလာသဖြင့်.. ချုံတွေယိမ်းလှုပ်နေ
သည်ကိုအတိုင်းသားမြင်နေရ၏။ တော
ကောင်ကား.. တစ်ခ.. တစ်ခ.. နီးကပ်လာ
ချေပြီ။
ရှဲ...
ရှဲ...
ရှဲ...
ဘွားခနဲ.. ချုံထဲကထွက်လာ၏။ သေနတ်မောင်းခလုတ်ကို..
ညှစ်ဆွဲလုနီး အခြေအနေမှကျွန်ုပ်အလျင်အမြန်ရုပ်သိမ်းလိုက်
ရသည်။ ချုံထဲကထွက်လာသူမှာ.. သားကောင်မဟုတ်ဘဲ.. လူ
သားနှစ်ယောက်ဖြစ်နေလေသည်။
ဟော..
ဦးထွက်ပီတို့
ပါလား


ရှုငယ်ကစတင်နှုတ်ဆက်၏။ သူကား ရွာမှသူဌေးဦးရာကျော်၏မွေးစားသား မောင်ကျော်ဇောဖြစ်သည်။ သူနှင့်ပါလာ သူက.. ရွာမှသူဌေးဦးအောင်ဒင်ဖြစ်သည်။
ဦးအောင်ဒင်ကားအမဲပစ်ဝါသနာ ပါ၏။ ကျော်ဇောကလည်းအမဲ ပစ်ဝါသနာပါသည်။ သူတို့ကား အပျော်တမ်းအမဲပစ်သမား ဖြစ်ကြသည်။
တယ်.. ဝီရိယကောင်းကြပါလား ဦးအောင်ဒင်တို့က
ကျော်ဇောနှင့်ဗိုက်ကလေးကလည်း ဖက်လှဲတကင်းနှုတ်ဆက်ကြသည်။ သူတို့ကား.. ကြက်တိုက်ဖက်.. ထန်းရည်သောက်ဖက်.. သူငယ်ချင်းများ ဖြစ်ကြသည်။
ခုနေ.. ပင်ကျ လေး.. နှိပ်လိုက် ရရင်...
ဟား...
ဦးတွတ်ပီရေ.. ဒီတောင်ကုန်း ကျော်လိုက်ရင်.. ဝါးတောရှိတယ် မဟုတ်လား.. အဲ့ဒီဝါးတောကိုဖြတ်ပြီး နိုင်တစ်အုပ်.. တစ်ဖက်.. လျှိုထဲ ဆင်းသွားတာမြင်လိုက်တယ်.. ကျွန်တော်တို့ဆက်မလိုက်နိုင် တာနဲ့ပြန်လာခဲ့တာ



တောထဲတွင်မှဆိုးချင်းတွေ့ကြုံတို့
သို့ပင် သတင်းပေးလေ့ရှိကြ၏။
သားကောင်ရှိရာကိုလက်တို့လေ့ရှိကြ၏။
အဲ့ဒီ.. နိုင်အုပ်ကို
ချောင်းနေတဲ့
ကျားအုပ်နဲ့တွေ့
အောင်နေမှာပေါ့
ကျေးဇူးပဲ ဦးအောင်ဖင်
အဲ့ဒီနားမှာ.. ဆားကျင်းရှိတယ်လေ
သူတို့... ဆားလျက်ဖို့သွားတာ
ဖြစ်မယ်.. ကျုပ်.. ရလာရင်
ဟင်းခါးမျှပါ့မယ်..
ကျွန်ုပ် နှုတ်ဆက်ကာလူချင်း
ခွဲခဲ့ကြသည်။
မင်း.. ဒီကောင်နဲ့ဘိုင်
မတွဲနဲ့ ဗိုက်ကလေး
ဘာဖြစ်
လို့လဲ
ဆရာတွတ်
ဒီကောင်က.. ထန်းရည်သောက်
ပဲရိုက်.. ရွာထဲမှာရန်ဖြစ်..
ခပ်ဆိုးဆိုး... ခပ်တောတောမဟုတ်လား
ပြီးတော့.. ဒီကောင်က.. သူငွေ
ဦးရာကျော်ရဲ့မွေးစားသား
ဆိုတော့.. ပြဿနာမရှိနိုင်ဘူး
မင်းက.. ဒုက္ခတွေ့နေမှာ


ဆရာတွတ်.. ကျော်ဇောအကြောင်း မသိသေးလို့ပါ.. ဒီကောင်က အမြင်သာ ဆိုးတာ.. စိတ်ကောင်းသဘောကောင်း တကယ်ရှိတဲ့လူဖြောင့်တစ်ယောက် ပျ...
ဟုတ်ရဲ့လားကွာ.. ဦးအောင်ဖင်နဲ့.. တွဲနေတာလည်း အလကားတော့မဟုတ်ဘူး.. အကြောင်းရှိပုံရတယ်.. မင်းတို့ကတော့ မြွေမြွေချင်း.. ဆိုတော့ ခြေပိုမြင်မယ်.. ဦးအောင်ဖင်ရဲ့သမီး မုယာကိုသဘောကျလို့ မဟုတ်လား
ဒါကတော့ ဆရာတွတ်ရယ် မုယာကလှတယ်.. တောင့်တယ် ဖြောင့်တယ်.. ချမ်းသာတယ်
ဘူပိုးပုံက.. တစ်ပတ် လည်အောင်.. အကဲ ခတ်ထားတာကိုး
ရှာမှာ.. မုယာကိုမလိုချင်တဲ့ကာလ သားဆိုလို့.. ဘယ်မှာရှိလို့လဲ.. ဓော ကြီးအဆိုးဆုံး
နောက်မြွေ တစ်ကောင်.. ပါ လာပြန်ပြီ..


ခေါကြီးက.. အဆိုးဆုံးနေရာမှာ ဆိုရင်.. မင်းကတော့အကဲဆုံး နေရာရှိမှာပေါ့ကွာ..
အမြင်တွေ အတော်ခေါင်း နေတာကိုး
ဆရာတွတ်ရာ.. ကျွန်တော်က ကြိုက်လွန်းလို့ရယ်မဟုတ်ပါဘူး မူယာလို.. သူဌေးသမီးရင် ကျွန်တော်လည်းသူဌေးဖြစ် ဆရာတွတ်တို့လည်း သူဌေး ယောက်ဖအဖြစ်နဲ့ဂုဏ်မတက် လား...
ပြောရတာ နဲ့တင်.. လျှာလည် နေတဲ့.. ရှစ် ပေါး.. ပေါး
ကဲ.. တော်တော့.. ဝါးတောကို ရောက်ပြီ.. မင်းအသံကြား တာနဲ့.. နိုင်အုပ်ပြေးနေ ဦးမယ်..
ကျွန်ုပ်တို့.. ဝါးတောကို ဖြတ်လာခဲ့သည်။
၁၆


နိုင်ခြေရာတွေသာမက.. နိုင်များ ခွန့်ပစ်သွားသောချေးတုံးတွေ ပါတွေ့ရ၏။
စိုက်ကလေးက.. နိုင် ချေးတုံး ကိုနင်းကာခွဲကြည့်သည်။
အင်း ခပ်နွေးနွေးပဲ ရှိသေးတယ် ဆရာတွတ်.. ဒီနိုင်အုပ် ဝေးဝေးမရောက် နိုင်သေးဘူး
တစ်နေရာတွင်သေးကွက်တွေတွေ့ရပြန်သည်။ သေးကွက်ကအမြှုပ်ပင်မသေသေး။ ထို့ကြောင့်ဤနိုင်အုပ်.. ဝေးဝေးမရောက်သေးသည်မှာ သေချာသလောက်ရှိသည်။
ဝါးတောကိုလှန်လျှောင်အတန်ငယ် နိမ့်ဆင်းသွားသော.. လျှိုကိုတွေ့ရသည်။ ထိုလျှိုထဲတွင် ဆားကျင်းရှိသည်။


ဆား စိမ့်စိမ့်ကားမဟုတ်။ ငန်သောအရသာရှိသည့် မြေသားကျင်းတစ်ကျင်း ပင်ဖြစ်သည်။
ဟုတ်ပြီ.. ဟုတ်ပြီ..
သမင်၊ ဒရယ်၊ ချေ၊ နိုင်၊ ဆတ် စသော သတ္တဝါမျိုးတို့ကား.. သူတို့ခန္ဓာကိုယ်၏ တောင်းဆိုချက်အရ.. အငန်ကြိုက်ပုံရ၏။
သွေးတိုး ဖြစ်ကာမှ ဖြစ်ရော လျှက်မှာပဲ
ထိုဆားကျင်းမြေမှပင် မနှစ်က.. သမင်တစ်ကောင် ချေတစ်ကောင်ရဖူး သဖြင့်.. ကျွန်ုပ်အမှတ် ရနေ၏။
၁၇


ချုံများကိုတိုးကာညင်သာသော ခြေလှမ်းများဖြင့်ကျွန်ုပ်တို့ လျှိုထဲဆင်းခဲ့ကြ၏။ လေညာ အရပ်ကမဖြစ်အောင်လည်း သတိထားရ၏။
ထိုအကောင်များကားအခင်မတန်အနံ့ခံ ကောင်းသောသတ္တဝါများဖြစ်ကာ.. မသင်္ကာ ဖွယ်ရာ.. အနံ့တစ်စုံတစ်ရာရခဲ့သော်ချက် ချင်းထပြေးတော့သည်။ ထို့ကြောင့်လေ အောက်ကိုရွေးကာခိုကပ်ကြရသည်။
သတိထား ဗိုက်ကလေး
ကျွန်ုပ်သတိပေးစကားကိုဗိုက်က လေးကခေါင်းညိတ်ကာအသံတိတ် အသိအမှတ်ပြု၏။
သမင်၊ဒရယ်၊ချေစသောမျိုးတူ သတ္တဝါများတွင်.. ဒိုင်ကားအနံ့ရယ် အများဆုံးသတ္တဝါဖြစ်၏။


ရန်လိုတိုက်ခိုက်တတ်သောသဘော ရှိ၏။ စိတ်နှလုံးခက်ထန်၏။ တောကျွဲ ရိုင်းတစ်ကောင်လောက်ပင်ကြောက် ခရာကောင်း၏။
ချက်ကောင်းမထိပါကပစ်ခတ်သောသူကို.. သူ၏ချွန်ထက်သောဦးချိုတို့ဖြင့်.. တစ်ဟုန် ထိုးပြေးဝင်ခတ်တတ်၏။
ဗိုက်ကလေး ရေ.. ပြေး ပြေး.. ငါမှား ခဲ့ပြီ
ကြောခါ.. ကျွန်ုပ်တို့သည်နိုင်အုပ်ကိုလှမ်းမြင် ရသောအခြေအနေသို့ရောက်ရှိသွား၏။ နိုင် အုပ်ကြီးကားထွက်ခွာသွားမြေဖြစ်ဟန်တူ၏။ နိုင်ငယ်နှစ်ကောင်နှင့်နိုင်ကြီးတစ်ကောင်သာ ရှိတော့သည်။
ကျွန်ုပ်.. သေချာအောင်ချိန်ရွယ် နေစဉ်.. ခေါင်းကြပ်နေသော ဗိုက်ကလေးက.. စိတ်မရှည် ဟန်နှင့်။
ပစ်တော့ ဆရာထွက်


ပစ်တော့ ဆရာတွက်
တိတ်ဆိတ်သော တောအတွင်းတွင် အသံဗလံကို နားစွင့်နေဟန် တူသည့်.. စိုင်ကြီးက.. ထိုအသံကို.. ကြားလိုက်ရသည့်အတွက် ထွက်ပြေးရန် ပြင်လိုက်သည်။
ထို့ကြောင့် ကျွန်ုပ်သည်အချိန် မဆိုင်းနိုင်တော့ဘဲ ကမူး ရှူးထိုးပစ်ချလိုက်ရသည်။
ဟဲကွာ..
သေနတ်သံကြီးကတိတ်ဆိတ်သော တောကြီးအတွင်းတွင်ကျယ်လောင် စွာပေါ်ထွက်လာသည်။

နိုင်ကလေးနှစ်ကောင်မှာလျှင်မြန်သောအဟုန်ဖြင့်ပြေးထွက်သွားကြသည်။ နိုင်ကြီးလည်းနိုင်ငယ်လေးတွေနောက်မှလိုက်သွား၏။







နွိုင်ကြီးကိုကျွန်ုပ်ပစ်ခတ်လိုက်သော ကျည်ချက်မှာထိသွားသည်ကားမှန်၏။ သို့သော်.. သေလောက်သောနေရာကိုမဟုတ်။ နောက်ခြေနှစ်ချောင်းကိုသာဖြစ်သည်။ ထို့ကြောင့်မပြေးနိုင်ဘဲ.. လဲကျသွားခြင်းသာဖြစ်သည်။
အိမ်အပြန် ချက်နှာပနီး လုဦးမယ် တပည့်ကြီးရေ


ကျွန်ုပ်တို့အနားရောက်သည်နှင့်ခိုင်ကြီးသည်ရှေ့ခြေနှစ်ချောင်းကိုအားပြုထကာ လည်ကိုခါ၍သူ့ချိုဖြင့်သိမ်းခတ်လိုက်လေသည်။
ကျွန်ုပ်မှာ.. တပည့်ကျော်အဘယ်သို့ဖြစ်သွားသည်ကိုဂရုမစိုက်အား... ဒုတိယလူ့အဖြစ်နှင့်ခိုင်ကြီးက ရန်မူလာမည်ကိုစိုးရိမ်သွားပြီး.. ကမန်းကတန်းပစ်ချလိုက်သည်။
ဒိုင်း....
ဒိုင်း....
၂၄


ဤတစ်ခါတွင်တော့.. ချက်ကောင်းကိုတကယ် ထိဟန်တူ၏။ နိုင်ကြီး မှာအရှပ်ကြီးပြုတ် မြေပေါ်ပုံကျသွား လေတော့သည်။
သည်တော့မှ ကျွန်ုပ်မှာတပည့် ကျော်ကိုရှာဖွေရတော့သည်။
ဆရာတွတ်ရေ ကျွန်တော် ဒီမှာဗျို့..
ဗိုက်ကလေးရေ.. ဗိုက်ကလေး
ကျွန်ုပ်အသံလာရာကိုကြည့်လိုက်တော့ချုံတစ်ခုပေါ် တွင်.. ပက်လက်လန်တင်နေသော.. ဗိုက်ကလေးကို တွေ့လိုက်ရသည်။
မင်းက နေရာကောင်း တော့အရှာ တတ်သား ပါလား


ချိုပေါ်ကာ.. ဗိုက်ကလေးကိုဆွဲချရ၏။ ကံအား
လျော်စွာပင်.. ဗိုက်ကလေးကားအနည်းငယ်ပွန်း
ပဲ့ဒဏ်ရာမှတစ်ပါးပြင်းပြင်းထန်ထန်မထိ
ခိုက်ချေ။
လုံချည်ကွင်းကားထက်ခြမ်း
ပြဲ၍သွားလေသည်။
ကဲ.. ဘာမှမဖြစ်ရင်
နိုင်.. ထမ်းဖို့.. ဝါး
သွားခုတ်ချေ..
ရွာနှင့်မဝေးလှသောနေရာ
တွင် နိုင်ကြီးကိုရရှိခဲ့..
သဖြင့် ကံကောင်းသည်ဟု
ခေါ်ရပေတော့မည်။
ဒီနေ့ညတော့
ထမင်းစားကောင်း
ဦးမှာပေါ့..


ဟယ်.. ကိုကိုခိုင်
တွတ်ကြီးပါလား..
အဲ.. ဟုတ်ပါဘူး.. ကိုကိုတွတ်
ခိုင်ကြီးပါလာတယ်..
ဟယ်..
ကျွန်ုပ်ကားအိမ်အပြန်မျက်နှာပန်းလှ၍နေလေ
သည်။ မသေးမျှင်မျက်နှာကားမညှစ်ရသေးသော
ပျားအုံကြီးကဲ့သို့မိုရှုန်းချိုမြဲနေလေ
သည်။
ထိုင်.. ထိုင်
မျှင်.. ဗိနပ်
ချွတ်ပေးမှာ
ပေါ့..
တယ်
ဟုတ်တဲ့
ငါ..
အနီးအနားမှလူများကိုပါခေါ်ကာခိုင်ကြီးကိုဖျက်ရ
၏။ ဤအလုပ်ကားဗိုက်ကလေး.. ကျမ်းကျင်ပြီး
သားဖြစ်၍.. ကျွန်ုပ်ဝင်ပါစရာမလိုချေ။
ကျွန်ုပ်ကတော့.. ကွပ်ပျစ်တွင်ထိုင်ကာ
ရေနွေးတစ်အိုးနှင့်အနားယူရင်းခိုင်ကြီး
ပစ်ခဲ့စဉ်ကအတွေ့အကြုံကို
ပြန်ပြောပြရာ...
မင်းတို့ဗိုက်ကလေး
ကို.. ကားခန့်မြောက်
တက်သွားတာ..
သွားပြီထင်တာ
ကျွန်ုပ်က



ကြားရသူအပေါင်းမှာသဘော
ကျမဆုံးရှိကြသည်။
ဟား.. ဟား.. ဟား
မသေးမျှင်က ဆတ်သား
ကြော်ကို ရေနွေးနှင့်
မြည်းရအောင်လာချပေး
ရာ.. ကျွန်ုပ်တို့ဝိုင်းကား
ပို၍စိုပြေနေလေသည်။
အဓိကအလော
မှာ ဒါကြောင့်
လျှာကိုက်မိ
တာကိုး..
ဒီလိုဆို.. စကားပုံထဲကအတိုင်း
ဗိုက်ကလေးအပြစ်က.. နိုင်ကော်လို့
ချုံပေါ်ရောက်ရတာပေါ့
နော်..
တော်သေးတာပေါ့
ဗိုက်ကလေးရာ..
မင်းရဲ့ချစ်တတ်တဲ့
အသည်းနှလုံးလေးကို
အူနကျွဲခတ်
မပြစ်တာ
မိလှချည်လား
စကားလုံးတွေ
၂၈


တကယ်ကတော့... မင်းကင့်ါကို သေစေချင်မှာပါ ခေါကြီးရာ.. မြို့ဘက်တစ်ယောက်ချော့ သွားနည်းလားထင်မှာပေါ့.. ဟော့ကောင်.. ငှါရဲ့အရုတွေအသည်း တွေတော့မတွက်ဘူး
ဟော.. ဒီမှာနိုင်ရဲ့အရုတွေ အသည်းတွေကို.. မှယာတို့ အိမ်.. လက်ဆောင်သွားပေး မလို့..
မင်းအလုပ်ရှိသေးလို့ မအားရင်လည်းပေးလေ ငါ.. သွားပေးပေးမှာ ပေါ့.. ဟိုက.. ကျေးဇူး တင်ရှာမှာပါ..
ငှါ.. အသက်နဲ့ရင်းပြီး ရလာတဲ့.. ဟင်းခါးကို လူကြုံနဲ့ပို့လို့ဖြစ်မလား ကိုယ်တိုင်ပဲ.. ပို့မှာပေါ့ ကွ..
ဟယ် ကျေးဇူး